အားလုံးသော အစိုးရဌာနများနှင့် လူမှုအသိုင်းအဝိုင်း ဝန်ဆောင်မှုဌာနများက လုပ်သင့်သည်မှာ-

- သင့်အား ကြိုဆိုကြောင်း ခံစားရစေရန်
- သင့်အား လေးစားမှုဖြင့် ဆက်ဆံရန်
- သင့်အား လူတိုင်း နည်းတူ ဆက်ဆံရန်
- ကွဲပြားသော ယဉ်ကျေးမှုများအကြောင်းကို အသိရှိစေရန်
- သင့် အခွင့်အရေးများကို သင် နားလည်စေရန်အတွက် ကူညီပေးရန်တို့ဖြစ်ပါသည်။

ဝန်ဆောင်မှုဖြန့်ချိပေးသူနှင့် ပတ်သက်၍ သင့်တွင် တိုင်တန်း ခွင့်ရှိပါသည်။

## NSW အွန်ဘတ်စ်မင်

ကျွန်ုပ်တို့သည် NSW ရှိ လူတိုင်းအား ကူညီပေးရန် ရှိနေပါသည်။ လူတိုင်းသည် မျှမျှတတ ဆက်ဆံခံရရန် ကျွန်ုပ်တို့ လိုလားသည်။ ကျွန်ုပ်တို့၏ ဝန်ဆောင်မှုမှာ အခမဲ့ဖြစ်သည်။

## ကျွန်ုပ်တို့အား ဆက်သွယ်ပါ

**02 9286 1000 ကို ဖုန်းဆက်ပါ**

အခမဲ့ ဖုန်း **1800 451 524** ဆစ်ဒနီ မြို့နယ်နိမိတ် ပြင်ပ နေရာ- မိုဘိုင်း ဖုန်းဆက်ခ ကျသင့်နိုင်သည်။

**nswombo@ombo.nsw.gov.au**

အမျိုးသား တစ်ဆင့်ခံ ဖုန်းဝန်ဆောင်မှု **133 677**

Interpreter

စကားပြန်

အဆင့် ၁။ **TIS 131 450** ကိုဖုန်းဆက်ပါ

အဆင့် ၂။ **NSW အွန်ဘတ်စ်မင်** ကို စကားပြောရန် အတွက်ဖြစ်ကြောင်း ပြောပါ - **9286 1000**

**www.ombo.nsw.gov.au**

ISBN: 978-1-925885-37-8

Burmese | မြန်မာဘာသာ

Ombudsman
New South Wales



# သင့်တွင် NSW အစိုးရ ဝန်ဆောင်မှုဌာန သို့မဟုတ် လူမှုအသိုင်းအဝိုင်း ဝန်ဆောင်မှုဌာနနှင့် ပြဿနာ တစ်ခု ရှိပါသလား။

သင့် မကျေနပ်ချက်ကို တိုင်တန်းရန် ကြိုးစားခဲ့နိုင်ဖွယ်ရှိသည်။ **သို့သော်လည်း** ငင်းတို့က မကူညီပေးခဲ့ပါ။



## သင့်အား မမျှမတ နည်းလမ်းဖြင့် ဆက်ဆံခဲ့ကြောင်း သင် ထင်မြင်ပါသလား။

**သင်သည် အကူအညီရရန် ကြိုးစားခဲ့သော်လည်း မရနိုင်ခဲ့သည်မှာ -**

- ပြဿနာကို ဖြေရှင်းရန်
- ပိုမိုသော အချက်အလက်များ ရယူရန်
- သင့် အခွင့်အရေးများအကြောင်း သိရှိရန်

**ဝန်ထမ်းများသည် မကူညီခဲ့ပါ သို့မဟုတ် ငင်းတို့သည်**

- ရိုင်းပြခဲ့ပြီး သင့်အား မလေးစားခဲ့ပါ
- သင့် ဘာသာစကားဖြင့် အချက်အလက်များ မရှိပါ
- စကားပြန် မရှိပါ။

## NSW အွန်ဘတ်စ်မင်သည် ကူညီပေးနိုင်ကောင်း ပေးနိုင်သည်။

### ကျွန်ုပ်တို့ သင့်အား ကူညီနိုင်သည်မှာ-

- ဝန်ဆောင်မှုဖြန့်ချိဌာနသို့ စာတစ်စောင် ပေးပို့ရန်
- ဆက်သွယ်ရမည့် သင့်တော်သောလူကို ရှာဖွေပေးရန်
- သင့်မကျေနပ်ချက်မှ သင် လိုလားသည့် အဖြေကို ထုတ်ဖော်ပြောရန်

### ကျွန်ုပ်တို့ လုပ်ကောင်း လုပ်မည်မှာ-

- ပြဿနာနှင့်ပတ်သက်၍ ဝန်ဆောင်မှု ဖြန့်ချိသူထံ သင် ရေးခဲ့သည့်စာများ သို့မဟုတ် ဝန်ဆောင်မှု ဖြန့်ချိသူက သင့်ထံ ရေးခဲ့သည့်စာများကဲ့သို့ သင့်တွင်ရှိသည့် စာရွက်စာတမ်း တစ်စုံတစ်ရာကို ယူဆောင်လာရန် သင့်အား မေးမြန်းမည်
- သင်နှင့်ပြဿနာရှိသည့် ဝန်ဆောင်မှု ဖြန့်ချိသူနှင့် စကားပြောဆိုမည်
- သင့်အား ကူညီပေးခဲ့သည့် အခြားလူများနှင့် စကားပြောဆိုမည်

အခြားလူများတွင်လည်း သင့်ကဲ့သို့ အလားတူ ပြဿနာ ရှိကောင်း ရှိနိုင်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူတိုင်းအတွက် ပိုမိုကောင်းမွန်သည့် ဝန်ဆောင်မှုများ ဖြစ်စေရန် ဝန်ဆောင်မှု ဖြန့်ချိသူများနှင့် အတူလုပ်ကိုင်ပါသည်။